ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# အမိန့်ကြော်ငြာစာအမှတ် (၂၉၆/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက် )

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမရုံးနှင့် ခရိုင်တရားမတရားသူကြီးတို့၏ အာဏာများကို အပ်နှင်းလိုက်သည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃၂ (၁) အရ တင်သွင်းသော လွှဲအပ်လွှာကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည်။

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တန်ဖိုးကျပ် သိန်း ၅၀၀၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် တရားမစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး | အပ်နှင်းသည့် တရားမစီရင်ပိုင်ခွင့်အာဏာ |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး | တန်ဖိုးကျပ်သိန်း ၅၀၀၀၀ ထက် မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| ( ခ) | ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး | တန်ဖိုးကျပ်သိန်း ၃၀၀၀၀ ထက် မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း တရားမအယူခံမှုစီရင်ပိုင်ခွင့်အာဏာနှင့် တရားမပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး | အပ်နှင်းသည့် တရားမစီရင်ပိုင်ခွင့်အာဏာ |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး | မြို့နယ်တရားရုံးက တရားမမူလမှု သို့မဟုတ် မူလမှုခင်းတွင် ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

| အမှတ်စဉ် | စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်း ခံရသော တရားသူကြီး | အပ်နှင်းသည့် တရားမစီရင်ပိုင်ခွင့် အာဏာ |
|---|---|---|
| (ခ) | တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီးက လွှဲအပ်သည့် တရားမအယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်နှင့်အညီ မိမိရုံးရှိ အခြားတရားသူကြီးတစ်ဦးဦးအား အမှုများကို စစ်ဆေးစီရင်ရန် လွှဲအပ်နိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီး ခေတ္တရုံးမထိုင်နိုင်သည့်အခါ ၎င်းက တာဝန်လွှဲအပ်ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် တရားသူကြီးသည် အမှုများကို စစ်ဆေးစီရင်ရန် လွှဲအပ်နိုင်သည်။

၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီးသည် မိမိကလွှဲအပ်ထားသောအမှုကို ပြန်လည်တောင်းခေါ်၍ မိမိကိုယ်တိုင် စစ်ဆေးစီရင်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် အခြားတရားသူကြီးတစ်ဦးအား စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်ခြင်း လုပ်ပိုင်ခွင့်များ ကျင့်သုံးနိုင်သည်။

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးများသည် မိမိစီရင်ပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။ ထို့ပြင် မိမိ၏ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်နိုင်သည်။

၉။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်) မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၃၀/၂၀၂၀) ကို ဤအမိန့်ကြော်ငြာစာ အကျိုးသက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

( သာငွေး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၁၆၉ / ပတခ (၆၅၉/၂၀၂၅)
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်

**ဖြန့်ဝေခြင်း**

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးအားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးအားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအားလုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးအားလုံး
ခရိုင်တရားရုံးအားလုံး
ခရိုင်တရားသူကြီးအားလုံး
တွဲဖက်ခရိုင်တရားသူကြီးအားလုံး
ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး
ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးအားလုံး
ဒုတိယခရိုင်တရားသူကြီးအားလုံး

မြို့နယ်တရားရုံးအားလုံး
မြို့နယ်တရားသူကြီးအားလုံး
တွဲဖက်မြို့နယ်တရားသူကြီးအားလုံး
ဒုတိယမြို့နယ်တရားသူကြီးအားလုံး

မိတ္တူကို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးလက်ခံ/မျှော